# ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး
# ဗဟိုဌာနချုပ်
# ကော်သူးလေ

www.knuhq.org

## ကမ္ဘာ့ငြိမ်းချမ်းရေးနေ့တွင် ပေးပို့သော ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ သဝဏ်လွှာ

**ရက်စွဲ ။ ။ စက်တင်ဘာလ ၂၁ ရက် ၂၀၁၆ ခုနှစ်**

ယနေ့ စက်တင်ဘာလ ၂၁ ရက်နေ့သည် ကမ္ဘာ့ကုလသမဂ္ဂ မှ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အဖြစ် ၁၉၈၁ ခုနှစ်တွင် စတင်အသိအမှတ်ပြုပြီး ၁၉၈၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ရုံးချုပ်၌ စတင်ဂုဏ်ပြုကျင်းပခဲ့ပါသည်။ ရည်ရွယ်ချက်အားဖြင့် နိုင်ငံတိုင်းနှင့် လူအယောက်စီတိုင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့တွင် စုရုံးပြီး ငြိမ်းချမ်းရေးအတွက် တိုင်ပင်ဆွေးနွေးကြရန်ဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီးသည် စစ်မက်ဘေးအပြင် သတ်ဖြတ်မှုများနှင့် နေရပ်ဒေသအတော်များများတွင် အကြမ်းဖက်မှုများရှိနေပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ကို စတင်အသိအမှတ်ပြုချိန်မှစ၍ ငြိမ်းချမ်းရေးအတွက် ဂုဏ်ပြုသည့် အစီအစဉ်များနှင့် လုပ်ငန်းစဉ်များ ချမှတ်လုပ်ဆောင်ခဲ့ကြပါသည်။ စစ်မက်ဖြစ်ပွားနေသော ကမ္ဘာ့ကုလသမဂ္ဂအသင်းဝင် နိုင်ငံများအနေဖြင့် ထိုနေ့တွင် စစ်မက်ဖြစ်ပွားမှုရှိမရှိ (သို့) အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ခြင်း ရှိမရှိ စောင့်ကြည့်ခြင်းများကိုလည်း လုပ်ဆောင်လေ့ရှိပါသည်။

မိမိတို့ နေထိုင်လျက်ရှိသော လက်ရှိမြန်မာနိုင်ငံတွင် လူမျိုးရေးကြီးစိုးမှုဝါဒနှင့် စစ်အာဏာရှင်စနစ် ကြောင့် ဖိနှိပ်အုပ်ချုပ်မှုများကို ရင်ဆိုင်နေကြရပြီး လူမျိုးတစ်မျိုးအနေဖြင့်သော်လည်းကောင်း၊ နိုင်ငံသားတစ်ဦး အနေဖြင့်သော်လည်းကောင်း စော်ကားအနိုင်ကျင့်ခံကြရပြီး လွတ်လပ်မှု၊ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ဆုံးရှုံးခဲ့ကြရသောကြောင့် မိမိတို့နေထိုင်ရာ နိုင်ငံအတွင်း၌ပင် လူမျိုးတစ်မျိုး၏ အခွင့်အရေးများကို ပြန်လည်ရရှိရန် ရုန်းကန်လှုပ်ရှားနေရပါသည်။ နိုင်ထက်စီးနင်းဖိနှိပ်အုပ်ချုပ်လျက်ရှိသော အစိုးရအဆက်ဆက်မှ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပြဿနာများကို ဖြေရှင်းလိုစိတ်မရှိသောကြောင့် ပြည်တွင်းစစ်ကိုဖန်တီးခဲ့သည်မှာ နှစ်ပေါင်း (၆၀) ကျော်ခဲ့ပါပြီ။

မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အနေဖြင့် နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးစားပွဲတွင် တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ဖြေရှင်းရန် သဘောထားရပ်တည်ချက်ကို ထာဝစဉ်ချမှတ်လျက်ရှိပါသည်။ မိမိတို့ ကရင်အမျိုးသားများအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်နှင့် မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့်လည်း ထုတ်ပြန်ချက်များအပြင် နည်းလမ်းများကို တစိုက်မတ်မတ် ရှာဖွေလုပ်ဆောင်ခဲ့ပါသည်။ သို့ရာတွင် အုပ်စိုးသူ စစ်အာဏာရှင်များအနေဖြင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းရန် လက်မခံခဲ့ပေ။ ထို့အပြင် လက်နက်ချပြီးမှသာလျှင် တွေ့ဆုံဆွေးနွေးရန် ထာဝစဉ်တောင်းဆိုခဲ့ပါသည်။ သို့ရာတွင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် အစိုးရမှ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန် ထုတ်ပြန်ခဲ့ပါသည်။ သဘောထားရပ်တည်ချက်တစ်ခုတည်းဖြစ်စေကာမူ တွေ့ဆုံဆွေးနွေးရေးအတွက် မည်သည့်ကြိုတင်သတ်မှတ်ချက်များကိုမျှ ချမှတ်ထားခြင်းမရှိသောကြောင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးအတွက် ရည်မှန်းလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ဖွဲ့ချင်းစီနှင့် အပစ်အခတ်ရပ်စဲရေးကို လုပ်ဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၂၀၁၂ ခုနှစ်မှစ၍ ယနေ့ထက်ထိတိုင် ကရင်ပြည်နယ်နှင့် မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်လျက်ရှိသော ဒေသများတွင် တိုက်ပွဲများနှင့်ရင်ဆိုင်တိုက်ခိုက်မှုများမရှိဟု ပြောမည်ဆိုပါကပြောနိုင်ပါသည်။ ကေအဲန်ယူ-အုပ်ချုပ်နယ်မြေမှာ ပစ်ခတ်မှုမဖြစ်သော်ငြားလည်း အစိုးရစစ်တပ်လှုပ်ရှားမှုတွေကို ရံဖန်ရံခါပဋိပက္ခဖြစ်နေပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် နိုင်ငံရေးတန်းတူမှုကို လိုလားနေပါသည်။ သို့သော်မြန်မာစစ်တပ်မှ စစ်ရေး

လုပ်ရှားမှုများ ကြောင့်တခါတရံတိုက်ပွဲများရှိနေပါသေးသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်း အရုံးနှင့် ကရင်အမျိုးသားများ၏လိုလားတောင်းတနေသည့်ငြိမ်းချမ်းရေးသည်နိုင်ငံရေးအရတန်းတူရည်တူဖြစ်စေရမည် ဖြစ်သည်။ စစ်ရေးလှုပ်ရှားမှုနှင့်ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်သည့်လက္ခဏာများရှိနေသော်လည်းတိုက်ပွဲနှင့် ရင်ဆိုင်တိုက်ခိုက်မှုများမရှိတော့ပေ။ ဤကဲ့သို့သောအခြေအနေအထိဖြစ်ပေါ်လာရခြင်းမှာ မိမိတို့ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားများအနေဖြင့်ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားနေကြသည့် အတွက်ကြောင့်သာလျှင် ဖြစ်ပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့၏ ရည်မှန်းချက်သည် စစ်မက်ဖြစ်ပွားနေသောနိုင်ငံ များတွင် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖြစ်ထွန်းရန်၊ တိုင်းသူပြည်သားများအနေဖြင့် အကြောက်တရားနှင့် စိုးရိမ်ကြောင့်ကြမှုများမှ ကင်းဝေးရန်ဖြစ်ပါသည်။

မိမိတို့ ကရင်အမျိုးသားများနှင့် လူမျိုးတိုင်း လိုလားတောင့်တနေသော ငြိမ်းချမ်းရေးသည် စစ်မှန်ပြီး ဘဝ လုံခြုံမှုအတွက် အာမခံချက်ပေးနိုင်သောငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်နေသော ငြိမ်းချမ်း ရေးသည် သေနတ်သံနှင့် တိုက်ပွဲများရပ်စဲရုံမျှနှင့် ငြိမ်းချမ်းပြီဟုခေါ်ဆိုနိုင်သော ငြိမ်းချမ်းရေးမျိုးမဟုတ်ပေ။ မိမိတို့ ကရင်အမျိုးသားများနှင့် တိုင်းရင်းသားလူမျိုးများ လိုလားတောင်းတနေသော ငြိမ်းချမ်းရေးသည် နိုင်ငံရေး ပြဿနာများကို ဖြေရှင်းပြီး အနာဂတ်တွင် နိုင်ငံတော်ကို အတူတကွ ထူထောင်နိုင်သည့် အာမခံချက်ရှိရပါမည်။

ကမ္ဘာ့နိုင်ငံကြီးများ၊ စီးပွားရေးသမားများ၊ ကြွယ်ဝချမ်းသာသောနိုင်ငံနှင့် အဖွဲ့အစည်းများက(တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းအချို့တို့၏ နယ်မြေများတွင် အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်လာကြသောအခါ) မိမိတို့၏အကျိုးအတွက် မြန်မာနိုင်ငံသည် ငြိမ်းချမ်းပြီဟုဆိုကာ ကူးသန်းရောင်းဝယ်ရေးအတွက် ရင်းနှီးမြှုပ်နှံ မှုများနှင့် အချို့မှာ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နိုင်ရန် နည်းလမ်းများ ရှာဖွေလုပ်ဆောင်လာကြပါသည်။ အချို့ သောနယ်မြေများတွင် အပစ်အခတ်ရပ်စဲရေးနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ်ရေးထိုး ခဲ့ကြသော်လည်း စင်စစ်မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို အမှန်တကယ်လုပ်ဆောင်နိုင်ခြင်း မရှိသေးပေ။ မိမိတို့ လိုလားတောင့်တနေသော ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သေးပေ။

ကမ္ဘာ့နိုင်ငံကြီးများနှင့် ငွေရှင်ကြေးရှင်များအတွက် ငြိမ်းချမ်းရေး၏ အဓိပ္ပါယ်နှင့် ရည်မှန်းချက်များမှာ မတူ ညီကြပေ။ သို့ရာတွင် မိမိတို့ကရင်အမျိုးသားများနှင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့မျှော်မှန်းလျက်ရှိ သော ငြိမ်းချမ်းရေး၏အဓိပ္ပါယ်မှာ တူညီကြပေသည်။ တိုင်းရင်းသားလူမျိုးများ ယခုကြိုးစားအားထုတ်လျှက်ရှိ သောငြိမ်းချမ်းရေးသည် စစ်မှန်သောငြိမ်းချမ်းရေးကို ရရှိရေးနှင့် နောင်လာနောက်သားများအတွက် ဘဝလုံခြုံမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အာမခံချက်များ ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နှင့်ဘဝတူအဖိနှိပ်ခံ တိုင်းရင်း သားများနှင့် အတူလက်တွဲလျက် တဆင့်ပြီးတဆင့် သေသေချာချာလုပ်ဆောင်ရန် လိုအပ်ပါသည်။ မိမိတို့၏ ဒေသနှင့် မိမိတို့၏ ကရင်ပြည်နယ် တစ်ခုတည်းအတွင်း၌သာ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးရရှိရေး သည် မိမိတို့အမှန်တကယ် လိုလားလျက်ရှိသော အာမခံချက်ရှိသည့် ငြိမ်းချမ်းရေးမဟုတ်ပေ။ တိုင်းရင်းသား လူမျိုးအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး တွေ့ကြုံခံစားရသည့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးအတွက်ဖြစ်ရပါမည်။ မိမိတို့၏ ကရင်ပြည်နယ်အတွင်း၌ တိုက်ပွဲများမရှိလင့်ကစား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွါးလျှက် ပြည်သူလူထုများမှာ အတိဒုက္ခရောက်နေကြရပြီး ဒုက္ခသည်များအဖြစ် အိုးအိမ်များကို စွန့်ခွါလျက်ထွက်ပြေးပုန်းရှောင်နေကြရပါသည်။ လတ်တလောကရင်ပြည်နယ်အတွင်းနယ်ခြားစောင့်တပ်/ အစိုးရ စစ်တပ်နှင့်ဒီကေဘီအေနှင့် ပစ်ခတ်မှုတွေဖြစ်နေတဲ့အပေါ်ပြည်သူလူထုတွေက စိုးရိမ်ကြောက်ကြားမှုရွှေ့ပြောင်း နေရပါသည်။

ဤကဲ့သို့သော ဘဝဒုက္ခများ မြန်မာပြည်အတွင်း၌ရှိနေသရွေ့ မိမိတို့အမှန်တကယ်လိုလားနေသော ငြိမ်းချမ်းရေးကို မရရှိနိုင်သေးပေ။ ကရင်အမျိုးသားလူငယ်များအနေဖြင့်လည်း စစ်မှန်သောငြိမ်းချမ်းရေးကို တည် ဆောက်ရာတွင်အမှန်တကယ်တာဝန်ရှိကြပါသည်။ မိမိတို့ကရင်အမျိုးသားများအတွက် အနာဂတ်ကံကြမ္မာကို တည်ဆောက်ကြရာ၌ ယခု လက်ရှိလူငယ်များ၏ လက်ဝယ်တွင်ရှိပြီး မိမိတို့ကရင်လူငယ်များအနေဖြင့်လည်း တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး အတွက် တည်ဆောက်ရာတွင် မျက်စိဖွင့်နားစွင့်ကြကာ၊ မှန်ကန်သောပေးဆပ်မှုဖြင့် အစွမ်းကုန်ကြိုးစား အားထုတ်ပြီး လက်တွဲလုပ်ဆောင်ကြပါ။

**စည်းစည်းလုံးလုံးနှင့် ညီညီညွတ်ညွတ်ဖြင့် စစ်မှန်ပြီး တရားမျှတသော**
**ငြိမ်းချမ်းရေးအတွက် အစွမ်းကုန် ကြိုးစားလုပ်ဆောင်ကြပါစို့။**

*********